FDB
Forum for Democracy in Burma
jrermEii'ru&uwptitm;p
eBulletin
၁၆ အောက်တိုဘာ ၂၀၀၄ | သတင်းလွှာ | အမှတ် ၂/၂၀၀၄

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ လုပ်ငန်းရည်ရွယ်ချက် သုံးရပ်

၁။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုကို ကျစ်လျစ်ခိုင်မာသည့် အင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်။
၂။ လူထုလှုပ်ရှားမှုကို ဖော်ဆောင်နိုင်မည့် လူထုအခြေခံများ တည်ဆောက်ရန်။
၃။ နိုင်ငံတကာဖိအား တိုးမြှင့်ရရှိရန်နှင့် ကုလသမဂ္ဂ က မြန်မာပြည်အရေးကို ထိရောက်စွာ ပါဝင် ဖြေရှင်းလာစေရန်။

**"နအဖ က သူတို့ကို ဘယ်သူမှ စိန်မခေါ်နိုင်ဘူး၊ မထိရဲဘူးလို့ ထင်နေတုန်းပဲ။ အခု အမျိုးသားညီလာခံကို ၉၆ ကတည်းက ပျက်သွားပြီဖြစ်တဲ့ အမျိုးသားညီလာခံရဲ့ အဆက်အနေနဲ့ ဆက်လုပ်တာ၊ တိုင်းပြည်အတွက် ပြောရေးဆိုပိုင်ခွင့်ရှိတဲ့ တခြားအင်အားစုတွေနဲ့ မတိုင်ပင်ဘဲ လမ်းပြမြေပုံကို ချမှတ်တာ အင်မတန်မှမှားယွင်းတဲ့ နိုင်ငံရေးလုပ်ရပ်ပဲ။ ဘေးဒုက္ခ အကြပ်အတည်း ပိုဆိုက်မှာကလွဲပြီး ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ သက်ဆိုင်ရာပါတီများအနေနဲ့ ဒီ အမျိုးသားညီလာခံကို ဆန့်ကျင်သပိတ်မှောက်ဖို့နဲ့ နိုင်ငံတကာက ဖိအားတွေထပ်ပြီး တိုးမြှင့်ဖို့ ကျွန်တော်တို့ တိုက်တွန်းပါတယ်"**
**ဒေါက်တာနိုင်အောင် – အတွင်းရေးမှူးချုပ်**
**(၂၂ မေ၊ ၂၀၀၄၊ သတင်းထုတ်ပြန်ချက်အမှတ် ၂ မှ)**

# ၁၆ နှစ်သား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ



တွဲဘက်အထွေထွေအတွင်းရေးမှူး ၂ ကိုငွေလင်း ပါတီ၏ကြေငြာချက်အား ဖတ်ကြားနေစဉ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တည်ထောင်ခြင်း ၁၆ နှစ်မြောက် အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်၊ နံနက် ၉ နာရီအချိန်က ထိုင်း မြန်မာ နယ်စပ်တစ်နေရာတွင် ကျင်းပပြုလုပ်ခဲ့ရာ မဟာမိတ် အဖွဲ့အစည်းအသီးသီးမှ အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ကိုယဉ်ထွေးက "တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနဲ့ လူထုတိုက်ပွဲကို သီးခြားစီ စဉ်းစားထားတာ မသင့်တော်ဘူး၊ မပြည့်စုံဘူး" ဟု ပြောကြားသွားခဲ့သည်။ ၎င်းအပြင် တွေ့ဆုံဆွေးနွေး စကားပြောနိုင်ရန်အတွက် လူထုတိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဌာန်မျိုးစုံကို ဖေါ်ဆောင်ရမည်ဟုလည်း ကိုယဉ်ထွေးက ပြောဆိုသွားသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ သဘာပတိအဖွဲ့ဝင် ဦးဗိုလ်သောင်းက ညီညွတ်ရေးသည် အရေးကြီးကြောင်း၊ တပ်ပေါင်းစုဖွဲ့စည်းရာ၌ ရိုးသား ပွင့်လင်းမှုရှိရန်လိုကြောင်း ပြောဆိုသွားခဲ့သည်။ မြန်မာနိုင်ငံဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးကျော်ထက်ကလည်း "ဥက္ကဋ္ဌ ကိုမြင့်ဇော်ဟာ တပ်ပေါင်းစုနဲ့ အောင်ပွဲခံရမယ်ဆိုတဲ့အမြင်နဲ့ တပ်ပေါင်းစုတာဝန်များကို အချိန်ပြည့် တာဝန်ယူခဲ့ပါတယ်။ တာဝန်လည်း ကျေခဲ့ပါတယ်။ အခု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ကလည်း တပ်ပေါင်းစုကြီးအတွင်း တာဝန်ကျေကျေနဲ့ လုပ်ကြဖို့လိုအပ်ကြောင်း" တိုက်တွန်းသွားခဲ့သည်။

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု ဒုတိယအတွင်းရေးမှူးချုပ် ကိုကျော်ကိုကလည်း "လူ့ဘောင်သစ်ဟာ ဒီမိုကရေစီတိုက်ပွဲ အတွေ့အကြုံရှိတယ်။ မြေပေါ်ပါတီ အတွေ့အကြုံရှိတယ်။ ရွေးကောက်ပွဲကာလက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံရေးအတွေ့အကြုံရှိတယ်။ လွတ်မြောက်နယ်မြေမှာလည်း လက်နက်ကိုင်တော်လှန်ရေးမဟာမိတ်များနဲ့ လက်တွဲဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံရှိတယ်။ အဲဒီ အတွေ့အကြုံတွေကို စုစည်းပြီး အနာဂတ်တိုက်ပွဲတွေမှာလည်း အခုလိုတိုက်ပွဲဝင်သွားကြဖို့" တိုက်တွန်းသွားခဲ့သည်။

ထို့နောက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ကိုငွေလင်းက မဟာမိတ်အဖွဲ့အစည်းများ၏ ဝေဖန်အကြံပြုမှုများကို တလေးတစား မှတ်သားထားမှာဖြစ်ကြောင်း၊ ယခုလို ဝေဖန်အကြံပြုမှုများအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောဆိုသွားခဲ့ပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဖွဲ့စည်းခြင်း ၁၆ နှစ်မြောက် ထုတ်ပြန်ကြေညာချက်တွင် နအဖစစ်အစိုးရ၏ Road Map ၇ ချက် သည်လည်းကောင်း၊ အတုအယောင် ညောင်နှစ်ပင် အမျိုးသားညီလာခံသည်လည်းကောင်း ယနေ့ရင်ဆိုင်နေရသော အကျပ်အတည်းကို လုံးဝ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ ဤသို့ ခေါင်းမာစွာ ဆက်လက်၍ အချိန်ဆွဲ လှည့်ဖျားနေပါက တိုင်းပြည်သည် အလုံးစုံပျက်သုဉ်းရေးလမ်းပေါ်သို့ အချိန်မရွေး ရောက်ရှိသွားတော့မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ။

# အာရှ–ဥရောပထိပ်သီးအစည်းအဝေး မြန်မာ့ဒီမိုကရေစီအရေးနဲ့ နိုင်ငံတကာဖိအားဟူသည် ---

ပဉ္စမ အကြိမ်မြောက် အာရှ–ဥရောပ ထိပ်သီး အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်မြို့မှာ ယခုလ ၇ ရက်နေ့ကနေ ၉ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ဥရောပနဲ့ အာရှတိုက် နိုင်ငံပေါင်း ၃၉ နိုင်ငံက တာဝန်ရှိသူ အဆင့်အသီးသီး တက်ရောက်ခဲ့ကြတဲ့ ဒီ စည်းဝေးပွဲမှာ မြန်မာနိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့ပါတယ်။

ယခုတကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံ တက်ရောက်ခွင့် ပြုရေး၊ မပြုရေးနဲ့ပတ်သက်လို့ အာရှနဲ့ ဥရောပနိုင်ငံများအကြား အစည်းအဝေး မကျင်းပခင် အပြင်းအထန် ပြောဆို ဆွေးနွေးခဲ့ကြရပါတယ်။ ဗြိတိန်နဲ့ ဥရောပနိုင်ငံအချို့က မြန်မာနိုင်ငံကို တက်ရောက်ခွင့်ပြုရင် အစည်းအဝေးကို သပိတ်မှောက်မယ်ဆိုတဲ့အထိ ခြိမ်းခြောက်ခဲ့တာကြောင့်လည်း မြန်မာပြည် ဒီမိုကရေစီအရေးမှာ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ အခြား ကမ္ဘာ့ နိုင်ငံများက ဒီအစည်းအဝေးအပေါ် ယခင်အကြိမ်များထက် ပိုမို အာရုံ စူးစိုက်ပြီး သတိထား စောင့်ကြည့်ခဲ့ကြပါတယ်။

နောက်ဆုံးမှာတော့ မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်အစား နိုင်ငံခြားရေး ဝန်ကြီးကို တက်ခွင့်ပြုမယ်ဆိုတဲ့ သဘောတူညီချက်ရရှိခဲ့ပြီး ဒီအစည်းအဝေး မတိုင်မီလေးကမှ အသစ်ခန့်အပ်လိုက်တဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ဝင်းနဲ့ ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ် ထပ်မံ ပူးတွဲတာဝန် ပေး လိုက်တဲ့ အလုပ်သမားဝန်ကြီး ဦးတင်ဝင်းတို့ တက်ရောက်ခဲ့ပါတယ်။ မြန်မာစစ်အစိုးရအတွက်ကတော့ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာမှာ နောက်ထပ်အောင်ပွဲတစ်ခု ရရှိလိုက်တယ်လို့ ယူဆစရာပါပဲ။ ပထမ အောင်ပွဲလို့ ယူဆစရာကတော့ ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံကို အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) ရဲ့အဖွဲ့ဝင်အဖြစ် လက်ခံခဲ့စဉ်ကပါ။

မြန်မာနိုင်ငံကို အာရှ–ဥရောပ ထိပ်သီးအစည်းအဝေး အဖွဲ့ဝင်အဖြစ် လက်ခံလိုက်တာနဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ခေါင်းဆောင်တွေ မှာ သူ့ရှုဒေါင့်နဲ့သူ၊ သူ့ချဉ်းကပ်မှုနဲ့သူ အမြင်အသီးသီး ရှိနေကြပါတယ်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက 'အာဆမ်မှာ မြန်မာနိုင်ငံရဲ့ပါဝင်မှုကနေ တစ်ဆင့် တိုင်းပြည်မှာ ဒီမိုကရေစီရဲ့လိုအပ်မှုအခန်းကဏ္ဍကို သူတို့ နားလည်လာလိမ့်မယ်ဆိုတာ ကျနော်တို့ရဲ့ မျှော်လင့်ချက်ပါပဲ' လို့ ဆိုပါ တယ်။ အီတလီ ဒုတိယဝန်ကြီးချုပ် ဂီယန်ဖရန်ကိုဖီနီက 'နိုင်ငံတကာ အဆင့်မှာ မြန်မာနိုင်ငံကို ထိန်းချုပ်မှုအောက်မှာ ထားဖို့လိုအပ်တယ်။ ဘာ့ ကြောင့်လည်းဆို လူ့အခွင့်အရေးကို အပြည့်အဝအာမခံမှု မရှိလို့ဘဲ။ ဒါက လည်း ထင်ထင်ရှားရှားကို လိုအပ်တဲ့ အခြေအနေသတ်မှတ်ချက်ဖြစ်တယ်' လို့ပြောပါတယ်။

ဂျာမဏီနိုင်ငံအကြီးအကဲ ဂါးဟတ်ရှရိုးဒါးကတော့ မြန်မာနိုင်ငံ အနေနဲ့ လူ့အခွင့်အရေးအခြေအနေ တိုးတက်မှုရှိအောင် လုပ်ဆောင်လိမ့် မယ်လို့ မျှော်လင့်ကြောင်းဆိုပြီး 'ကျနော်တို့နိုင်ငံတွေမှာ လူ့အခွင့်အရေး နဲ့ပတ်သက်ပြီး ဆက်လက်ပြောဆိုသင့်ပါတယ်။ ပြီးတော့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးတွေကို အသုံးပြုသင့်ပါတယ်။ အဲဒီအတိုင်းပဲ အာဆမ်အဖွဲ့ဝင်သစ် နိုင်ငံတစ်ခုအနေနဲ့ မြန်မာပြည်မှာ နောက်ထပ်တိုးတက်မှုတွေကို ကျနော် တို့ မျှော်လင့်ပါတယ်' လို့ပြောကြားခဲ့ပါတယ်။

ပြင်သစ်သမ္မတ ယာ့က်ရှီရက်က သူ့အနေနဲ့ အကြပ်ကိုင် ခြိမ်းခြောက် တာထက် စည်းရုံးဆွဲဆောင်ပြီး ဆွေးနွေးစကားပြောဆိုတာကို ပိုမိုလိုလား ကြောင်း ရှင်းလင်းပြောဆိုပြီး 'အဆင်းရဲဆုံးလူတွေကို ထိခိုက်စေမယ့် နောက်ထပ် အရေးယူမှုတွေ လုပ်ဖို့မလိုအပ်ဘူးလို့ ကျနော် တကယ့်ကို မျှော်လင့်ပါတယ်' လို့ ပြောပါတယ်။

ဗြိတိန်နိုင်ငံကတော့ ဝန်ကြီးချုပ်တိုနီဘလဲကိုယ်တိုင် မတက်ရောက် ဘဲ ဒုတိယဝန်ကြီးချုပ် ဂျွန်ပရက်စကော့ကို စေလွှတ်ခဲ့ပါတယ်။ ဒီမိုကရေစီ ကို ဦးတည်တဲ့ ဖြစ်ပေါ်တိုးတက်မှု ဆက်ပြီးလျော့နည်းနေတာရယ် လက်ခံ နိုင်ဖွယ် အခြေအနေ မြန်မာပြည်မှာမရှိလို့ သူရည်ညွှန်းတဲ့ကိစ္စရယ်နဲ့ ပတ်သက်ပြီး ဖိအားပေး ပြောဆိုသွားမှာဖြစ်ကြောင်း ပရက်စကော့ရဲ့ ထုတ်ပြန်ချက်တစ်ခုထဲမှာ ဆိုခဲ့ပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ သဘောထားကလည်း စိတ်ဝင်စားစရာပါပဲ။ 'မြန်မာပြည်မှာ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းချက်တွေကို ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အရှိန်တိုးမြှင့်စေတဲ့ ကြိုးပမ်းချက်တွေရဲ့ အစိတ်အပိုင်း အဖြစ် ကျနော်တို့ အပြုသဘောဆောင် ထောက်ခံပါတယ်' လို့ နိုင်ငံခြား ရေးနဲ့ ကုန်သွယ်ရေးဝန်ကြီး ဘန်ကီမွန်းက ကိုရီးယားတိုင်းမ် သတင်းစာကို ပြောသွားခဲ့ပါတယ်။ အဲဒါနဲ့ကွဲလွဲစွာပဲ မူဝါဒဆိုင်ရာ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး လီးဆွန်ဂျင်းကပြောရာမှာတော့ မြန်မာပြည်ကိစ္စနဲ့ ပတ်သက်ရင် ကိုရီးယားနိုင်ငံအနေနဲ့ ခပ်လျှိုလျှိုနေဖို့လိုအပ်တယ်လို့ ထောက်ပြပြီး 'အခြေအနေကို သေသေချာချာသိဖို့နဲ့ တခြားနိုင်ငံတွေရဲ့ လှုပ်ရှားမှုကို သိဖို့ ကျနော်တို့ စောင့်ကြည့်နေပါတယ်' လို့ ဆိုပါတယ်။ သမ္မတရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လက်ထောက်ဖြစ်သူ ချွန်ဂူးဆန်းက 'ဒီကိစ္စနဲ့ ပတ်သက်ရင်တော့ ကိုရီးယားနိုင်ငံက တရုတ်နဲ့ဂျပန်ရဲ့ အလယ်မှာ ရပ်တည်ပါတယ်' လို့ ဆက်ပြောသွားခဲ့ပါတယ်။

မြန်မာ့ဒီမိုကရေစီအရေးမှာ ဗျူဟာမြောက် အရေးပါတဲ့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က 'မြန်မာပြည် ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးဟာ ကျနော်တို့ မျှော်လင့်တာထက် ပိုနှေးနိုင်ပါတယ်။ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ နိုင်ငံတကာအထောက်အပံ့ကတော့ လိုအပ်နေဆဲပါပဲ။ အထူးသဖြင့် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်နဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ပါ' လို့ စီးပွားရေးကို ဖောင်းပေးပြီး ပြောခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာတီ နာတာ လီဂါဝါက မြန်မာပြည် အဖွဲ့ဝင်ဖြစ်ရေး အငြင်းအခုံဖြစ်ရမှုဟာ 'တကယ့် အစည်းအဝေးရဲ့ အကြောင်းအရာတွေအားလုံး လမ်းကြောင်းလွဲသလိုဖြစ်ခဲ့ ပါတယ်။ ဒါ့ကြောင့် အင်ဒိုနီးရှားအနေနဲ့ အာဆမ်လုပ်ငန်းစဉ်ကို မူလ လမ်းကြောင်းပေါ် ပြန်ရောက်ဖို့ အထူး အာရုံစိုက်ခဲ့ပါတယ်' လို့ အေအက်ဖ်ပီသတင်းဌာနကို ပြောခဲ့ပါတယ်။

မလေးရှားဝန်ကြီးချုပ် အဗ်ဒူလာအာမက်ဘာဒါဝီ မြန်မာပြည်နဲ့ ပတ်သက်တဲ့ ဆွေးနွေးမှုတွေဟာ 'အခွင့်အလန်းကောင်းတစ်ခု' ဖြစ် ကြောင်း ရည်ညွှန်းခဲ့ပြီး 'ဒါ့ကြောင့် အခုဆို မြန်မာနိုင်ငံအနေနဲ့ ပထမဆုံး အကြိမ် တက်ရောက်ခွင့်ရခဲ့တယ်၊ ပထမဆုံးအကြိမ်အဖြစ် ဥရောပက ကျနော်တို့မိတ်ဆွေတွေရဲ့ မှတ်ချက်တွေ၊ သဘောထားတွေ၊ အမြင်တွေ ကို တိုက်ရိုက် သိခွင့်ရခဲ့တယ်' လို့ ပြောပါတယ်။

အစည်းအဝေးတက်ရောက်ခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်အသီးသီးက သူတို့ရဲ့ သဘောထားအမြင်အသီးသီးကို ထုတ်ဖော်ပြောခဲ့တဲ့အပေါ်

# အမှာစကား

'လူထု' – သမိုင်းရေးဖြစ်ပေါ်တိုးတက်မှုတွေမှာ အဓိက ဖန်တီးရှင်ဖြစ်တယ်။ 'လူထုတိုက်ပွဲ' – အာဏာရှင်တွေကို မြေမြှုပ်သင်္ဂြိုလ်ခဲ့တဲ့ အထိရောက်ဆုံး တိုက်ပွဲသဏ္ဍာန်ဖြစ်တယ်။ လူထုတိုက်ပွဲဆိုတာ အာဏာရှင်တွေအတွက် အလွန်ခါးသီးတဲ့စကားလုံးဖြစ်တယ်။ အထူးသဖြင့် စစ်အာဏာရှင်တွေဟာ တိုင်းပြည်ရေးရာကိစ္စတွေမှာ လူထုအခန်းကဏ္ဍကို ပစ်ပယ်ပြီး လက်နက်အားကိုးနဲ့ စီရင်ဆုံးဖြတ်ချင်ကြတယ်။ ဒါပေမယ့် ပြောင်းလဲလာနေတဲ့ ကမ္ဘာကြီးမှာ လူထုရဲ့ ပါဝင်ဆုံးဖြတ်ခွင့်ကို ပစ်ပယ်ထားဖို့ အခွင့်အလမ်း နည်းပါးလာနေပါပြီ။ အာဏာရှင်တွေ သတိပြုဖို့က ဒီနေ့ကာလဟာ ၁၉ ရာစု မဟုတ်၊ ၂၁ ရာစုထဲ ရောက်နေပြီဆိုတာပါပဲ။

စစ်အာဏာရှင် အကြောက်ဆုံးလက်နက်က လူထုတိုက်ပွဲဖြစ်တယ်။ မြန်မာပြည်နိုင်ငံရေးမှာ စစ်အုပ်စုအဆက်ဆက်ကို လူထုတိုက်ပွဲနည်းလမ်းနဲ့ အံတု တိုက်ပွဲဆင်ခဲ့ကြတယ်။ အရေးကြီးတဲ့တိုက်ပွဲအဆင့်တွေမှာ အောင်မြင်မှုတွေ အများကြီးရခဲ့တယ်။ အထင်ရှားဆုံးကတော့ ရှစ်လေးလုံး လူထုလှုပ်ရှားမှု အရေးတော်ပုံကြီးပါ။ မဆလ အရေခြုံ ဗိုလ်နေဝင်းစစ်အုပ်စုကို အပြီးတိုင် ဖြိုချနိုင်ခဲ့တယ်။ ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ခံထားရပြီး လူ့အခွင့်အရေး တစိုးတစိမှမရှိတဲ့ အမှောင်ဖုံးခေတ်ဆိုးကြီးကို ရိုက်ချိုးနိုင်ခဲ့တယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုတဲ့ တပ်ဦးပါတီတရပ်ကို မွေးဖွားပေးလိုက်နိုင်တယ်။ တဆက်တည်းမှာ လူထုလူတန်းစားအသီးသီးရဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်လိုတဲ့ ဆန္ဒအမှန်ကို ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်နဲ့ ဖော်ထုတ်ပြသနိုင်ခဲ့တယ်။ အရေးကြီးဆုံး အချက်ကတော့ လူထုရဲ့ အသိဉာဏ် တံခါးချပ်တွေကို ဖွင့်လှစ်ပေးနိုင်ခဲ့တာပါပဲ။

စစ်အုပ်စုဟာ ကနေ့အထိ ရှစ်လေးလုံးတစ္ဆေ (ဝါ) လူထုတိုက်ပွဲတစ္ဆေ ခြောက်ခံနေရဆဲဖြစ်တယ်။ တောသူတောင်သားဓလေ့ ရိုးရိုး ခမောက်ဆောင်းတာတောင် အဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတာဆိုပြီး ဖမ်းဆီးထောင်ချနေပါတယ်။ ဒီပယင်းလုပ်ကြံမှုဟာ လူထုလှုပ်ရှားမှုကို အတိုင်းအဆမဲ့ ကြောက်ရွံ့လို့ သွေးရူးသွေးတန်း ဖြေရှင်းခဲ့တာပါ။ စစ်အုပ်စုဟာ လူထုလှုပ်ရှားမှုမဖြစ်အောင် ဘယ်လိုတားဆီးရမယ်၊ ဖြစ်လာရင် ဘယ်လိုဖြိုခွဲရမယ် ဆိုတာတွေကို ၁၆ နှစ်လုံးလုံး အပူတပြင်း လေ့လာပြင်ဆင်နေခဲ့တယ်။ သူတို့ရဲ့လက်ကိုင်တုတ် ကြံ့ဖွံ့ကို နိုင်ငံရေးပါတီတရပ်အသွင်ဖြစ်လာအောင် ဖန်တီးနေတယ်၊ ဝန်ထမ်းတွေနဲ့ လူထုကို စစ်ပညာ မသင်မနေရ အတင်းအကြပ် သင်ခိုင်းတယ်၊ နောက်ဆုံးအဆင့်အနေနဲ့ ပြည်ပကျူးကျော်စစ်လို့ အကြောင်းပြပြီး သူတို့ရဲ့ နောက်ဆုံးခံကတုတ်ကို သွေးရူးသွေးတန်း ပြင်ဆင်နေပါတယ်။ ဒါတွေကို ကြည့်ရင် ဗိုလ်သန်းရွှေစစ်အုပ်စုက လူထုလက်ကို အာဏာအပ်မယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါ။ စစ်အုပ်စုဟာ တွေ့ဆုံဆွေးနွေး အဖြေရှာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို ဦးမတည်တဲ့အပြင် ပြည်တွင်းစစ်မီး ထပ်မံတောက်လောင်မယ့် အမျိုးသားပြိုကွဲမှုကြီးကို ဦးတည်နေပါတယ်။ ဒီလို ငါတကောကောလုပ်ဆောင်နေမှုကို လူထုအားနဲ့သာ တားဆီး ကာကွယ်ရပါလိမ့်မယ်။

၂၁ ရာစု ကမ္ဘာ့အခင်းအကျင်းသစ်မှာ လူထုရဲ့အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာသလို မြန်မာပြည် ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာလည်း လူထုရဲ့အခန်းကဏ္ဍဟာ အလွန်သော့ချက်ကျတယ်လို့ ခံယူပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေနဲ့ 'လူထုလှုပ်ရှားမှုကို ဖော်ဆောင်နိုင်မယ့် လူထုအခြေခံများတည်ဆောက်ရန်' ဆိုတဲ့ လုပ်ငန်းစီမံချက်ကို ချမှတ် အကောင်အထည်ဖော်နေပါတယ်။ လူထုလုပ်ငန်းစီမံချက်ရဲ့ အနှစ်သာရက နိုင်ငံရေးလုပ်ငန်းစဉ်တွေနဲ့ တပြိုင်တည်း လူထုအခြေခံတည်ဆောက်ရေးလုပ်ငန်းတွေကို အာရုံစိုက် လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ လူထုနဲ့ နိုင်ငံရေးအဖွဲ့အစည်းကြားတသားတည်းဖြစ်ဖို့ဆိုရင် ပြောင်းလဲနေတဲ့နိုင်ငံရေးဖြစ်စဉ်တွေကို လူထုရဲ့လက်တွေ့ဘဝနဲ့ ဆက်စပ်ပေးဖို့လိုအပ်ပါတယ်။ မြန်မာပြည်နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုမှာ လူထုလုပ်ငန်းစဉ်ရှိဖို့လိုအပ်ကြောင်း နိုင်ငံရေးအင်အားစုအသီးသီးကို အခြေအနေက တောင်းဆိုနေပါပြီ။

နိဂုံးချုပ်အနေနဲ့ လူထုကြီးရဲ့ နိုင်ငံရေးနိုးကြားတက်ကြွမှုက မြန်မာပြည်အပြောင်းအလဲကို ဆောင်ကျဉ်းပေးပါတော့မယ်။ လူထုတိုက်ပွဲကို လက်နက်အားကိုးနဲ့ တားဆီးလို့ ရနိုင်တော့မှာမဟုတ်ပါ။ နိုင်ငံရေးဖြစ်စဉ်တွေမှာ လူထုရဲ့ပါဝင်မှုအခန်းကဏ္ဍကို အမြင့်မားဆုံး လမ်းဖွင့်ပေးတဲ့ နည်းလမ်းနဲ့သာ ဖြေရှင်းနိုင်မယ်ဖြစ်ကြောင်း စစ်အုပ်စုကို စကားလက်ဆောင်ပါးလိုက်ပါတယ်။

မြန်မာစစ်ဗိုလ်ချုပ်များ တုန့်ပြန်ပုံကတော့ ခပ်သင်းသင်းပါ။ မြန်မာပြည်ကိစ္စဟာ ပြည်တွင်းရေးကိစ္စဖြစ်တယ်လို့ မွဲပြာပုဆိုး၊ ကလီရှေး (Cliché) ချေပချက်နဲ့ လူသိထင်ရှား ကန့်ကွက်ခဲ့ပါတယ်။ 'ဒါ လူ့အခွင့်အရေးအကြောင်း ဆွေးနွေးရမယ့်နေရာ မဟုတ်ဘူး' လို့ အသစ်စက်စက် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ဝင်းက စစ်ပွဲတစ်ခုမှာ ကမူးရှူးထိုး ပြန်ပစ်သလို နှာခေါင်းကျင်းတူး ပြန်ပြောခဲ့ပါတယ်။

အဆုံးသတ်နေ့ဖြစ်တဲ့ ၉ ရက်နေ့မှာတော့ အာရှ–ဥရောပ ထိပ်သီးအစည်းအဝေးရဲ့ အစည်းအဝေးအပိတ် ထုတ်ပြန်ကြေငြာချက်မှာ အစည်းအဝေးမတိုင်မီနဲ့ အစည်းအဝေးကာလအတွင်း ပြောဆိုဆွေးနွေးချက်များအားလုံးရဲ့ အချုပ်အဖြစ် အောက်ပါ အပိုဒ်နှစ်ခုကို ထည့်သွင်းခဲ့ပါတယ်။

'လက်ရှိလုပ်ဆောင်လျက်ရှိသော အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းအစီအစဉ်မှ အောင်မြင်သော ရလဒ်တစ်ခု ရရှိလာစေရန် အတူတကွလုပ်ဆောင်ကြပါဟု တိုင်းပြည်ရှိ သက်ဆိုင်သူများအားလုံးကို ခေါင်းဆောင်များက အားပေးတိုက်တွန်းလိုက်သည်။'

'နိုင်ငံရေးပါတီများပေါ်တွင် ချမှတ်ထားသည့် ကန့်သတ်ချုပ်ချယ်မှုများအားလုံး ဆောလျင်စွာရုပ်သိမ်းရေး မြန်မာနိုင်ငံ၏ ကတိပြု အာမခံချက်အတိုင်း မကြာခင် ဖြစ်မြောက်လာလိမ့်မည်ဟု ခေါင်းဆောင်များအနေဖြင့် မှတ်ယူလိုက်သည်။'

ထုတ်ပြန်ကြေငြာချက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို နည်းနည်းလေးမှ ထည့်သွင်းဖော်ပြခြင်းမရှိခဲ့တာနဲ့ပတ်သက်ပြီး ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့က ဩစတြေးလျ ကာကွယ်ရေးတပ်အကယ်ဒမီရဲ့ ပါမောက္ခတစ်ဦးဖြစ်သူ ကားလ်သာယာက 'နိုင်ငံအများကြီး အများကြီးပါတဲ့ စုပေါင်းဆောင်ရွက်မှုတစ်ခုမှာ ဒါဟာ ဓလေ့ထုံးစံပဲလေ။ ဘယ်သူ့ကိုမှ မထိခိုက်စေဘူး၊ သူတို့အားလုံး အိမ်ပြန်သွားပြီ' လို့ မှတ်ချက်ပြုခဲ့ပါတယ်။

ဒီအစည်းအဝေးအပြီး အောက်တိုဘာလ ၁၁ ရက်နေ့မှာ ဥရောပပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို လူဇင်ဘတ်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ နဂိုပြောကြားချက်များအတိုင်း မြန်မာနိုင်ငံအပေါ် အရေးယူမှုအချို့ကို တိုးမြှင့်ချမှတ်ခဲ့ပါတယ်။ အဲဒါတွေက 'ဗိုလ်ချုပ်အဆင့်နှင့်အထက် စစ်အရာရှိများနဲ့ ၎င်းတို့၏ မိသားစုများကို ပြည်ဝင်ခွင့်ပိတ်ပင်ခြင်း၊ ချေးငွေများကို တားမြစ်ကန့်သတ်ခြင်း၊ အစိုးရပိုင် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းအား တားမြစ်ခြင်း' တို့ဖြစ်ပါတယ်။

မြန်မာပြည်သူတွေကို ကဏ္ဍအသီးသီးအတွက်ပေးမယ့် အထောက်အပံ့တွေကိုတော့ တိုးချဲ့ပေးသွားမှာဖြစ်ကြောင်း ထပ်မံ အာမခံခဲ့ပါတယ်။

ဒီဖြစ်စဉ်ပေါ်ကနေ ကျနော်တို့ပြည်သူတွေ၊ ဒီမိုကရေစီအရေးလုပ်ဆောင်နေသူတွေအတွက် ကောက်ချက်ချဖွယ်ကတော့ ကမ္ဘာ့နိုင်ငံ

စာမျက်နှာ ၇ သို့ ➡

# အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညောင်နှစ်ပင်ညီလာခံ

နအဖစစ်အစိုးရက ကျင်းပနေသော အမျိုးသားညီလာခံတွင် NLD/SNLD စသည့် ရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ပါတီများနှင့် ညှိနှိုင်းဆွေးနွေး သဘောထားရယူမှု လုံးဝမရှိခြင်း၊ တိုင်းရင်းသား လူမျိုးစုများ၏ စစ်မှန်သော ကိုယ်စားလှယ်များ ပါဝင်နိုင်မှုမရှိခြင်း၊ အခြေခံမူ (၁၀၄) ချက်နှင့် ဦးတည်ချက် နံပါတ်(၆) အောက်တွင် တဖက်သတ် ကျင်းပနေခြင်း၊ အနိုင်ရပါတီ၏ ခေါင်းဆောင်များကို ဖမ်းဆီးထားခြင်း၊ နိုင်ငံရေးပါတီများ၏ တရားဝင်လုပ်ပိုင်ခွင့်ကို ကန့်သတ်ပိတ်ပင် ခြိမ်းခြောက်နေခြင်းနှင့် ရုံးခန်းများကိုပင်လျှင် ယခုထိ ဖွင့်ခွင့်မပေးခြင်း၊ နိုင်ငံရေးအကျဉ်းသား (၁၄၀၀) ကျော်ကို ဖမ်းဆီးထားခြင်း စသည့် အချက်များအရ ဤညီလာခံသည် တိုင်းပြည်နှင့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးအတွက် အကျိုးတစုံတရာ မရှိနိုင်ကြောင်း ထင်ရှားနေပါသည်။ စစ်အာဏာရှင်စနစ်ကို ပုံသဏ္ဍာန်သစ်ဖြင့် သက်ဆိုးရှည်အောင် အကာအကွယ်ပြုထားသည့် အမျိုးသားညီလာခံ အတုအယောင်ဟုသာ ရှုမြင်ပါသည်။

သို့အတွက် NLD/SNLD တို့က မတက်ရောက်နိုင်ကြောင်း ၁၄ ရက်၊ မေလ ၂၀၀၄ ခုနှစ်နေ့တွင် ယတိပြတ် ကြေငြာလိုက်သည်ကို အပြည့်အဝ ထောက်ခံပါသည်။ တဖက်တွင်လည်း အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၏ အနေအထားကို ကျနော်တို့ နားလည်ပါသည်။ အခြေအနေချင်း မတူညီမှုအောက်တွင် ချဉ်းကပ်ပုံချင်း ကွဲလွဲကြသည်မှာ သဘာဝကျပါသည်။ ဤအဖွဲ့အစည်းများမှာ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့သည့် (၁၀)နှစ်တာကာလအတွင်း နအဖ စစ်အစိုးရနှင့် နိုင်ငံရေးအရ အကျေအလည် တန်းတူရည်တူ လွတ်လွတ်လပ်လပ် ဆွေးနွေးခွင့် ညှိနှိုင်းခွင့် လုံးဝမရရှိကြသေးပါ။

သို့အတွက် အမျိုးသားညီလာခံကို မိမိတို့အဖွဲ့အစည်းများ၏ ရပ်တည်ချက်နှင့် သဘောထားများကို ဖော်ပြရန်၊ မိမိတို့၏ လိုလားချက်ဖြစ်သော ပြည်ထောင်စုစစ်စစ်မှုကို တင်ပြရန် နည်းလမ်းတစ်ခု (သို့) တိုက်ပွဲဝင် စင်မြင့်တစ်ခုအဖြစ်သာ သဘောထားပြီး တက်ရောက်ခဲ့ကြခြင်းဖြစ်သည်ကို ကျနော်တို့ နားလည်နိုင်ပါသည်။

အမျိုးသားညီလာခံ မကျင်းပမီနှင့် ကျင်းပနေဆဲ ကာလများမှာပါ အမျိုးသားညီလာခံမှာ နိုင်ငံရေးပါတီအားလုံး အဖွဲ့အစည်းအားလုံး ပါဝင်သင့်ကြောင်း၊ NLD/SNLD တို့တက်ရောက်မှ ညီလာခံ၏ အဓိပ္ပာယ်မှာ ပြည့်ဝမှာဖြစ်ကြောင်း၊ အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းများက နအဖသို့ တင်ပြခဲ့ကြသည်ကို ကျနော်တို့ထောက်ခံပါသည်။ အမျိုးသားညီလာခံတွင် အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသော (၁၃)ဖွဲ့မှ အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းနိုင်ရေးကို ရည်ရွယ်သည့် တင်ပြချက် (၇)ရပ်ကို ရရှိသည့် အခြေအနေအောက်မှာပင် တင်ပြခဲ့ကြသည်။ သို့သော် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လက်မခံဘဲ ယင်း တင်ပြချက်များကို 'မှတ်တမ်းတင်ခဲ့သည်' ဆိုသည့်အဆင့်သာ ရရှိခဲ့ပြီး ညီလာခံမှာလည်း ရှေ့ကိုဆက်မသွားနိုင်တော့ဘဲ ရပ်တန့်သွားခဲ့ရသည်။

'ခြေခင်းလက်ခင်းသာသော တစ်နေ့မှာ ပြန်စပါမည်' ဟုတော့ ဆိုသည်။ သို့သော် မရိုးသားသောစိတ်၊ တဖက်သတ်အနိုင်ကျင့် ဗိုလ်ကျလိုသောစိတ်ဖြင့် ခြေခင်းလက်ခင်း သာဖို့ဆိုသည်မှာ ခဲယဉ်းလှပါသည်။

တင်ပြချက် (၇) ရပ်ကို တင်ခဲ့သော အဖွဲ့အစည်း (၁၃)ဖွဲ့အား နအဖ စစ်ထောက်လှမ်းရေးက နိုင်ငံရေးအရ၊ စီးပွားရေးအရ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးခွဲသပ်လျှိုခြင်းများ အမျိုးမျိုးပြုလုပ်နေသည်ကို အထင်အရှားတွေ့မြင်နေရပါသည်။

အမျိုးသားညီလာခံ ပြန်ပြီးစနိုင်ပါတော့မလား၊ ပြန်စလျှင်လည်း (၁၃)ဖွဲ့က ပြန်မှတက်ပါ့မလား စသည့် မေးခွန်းများ၊ သံသယများ များစွာပေါ်ပေါက်နေပါသည်။ အဖွဲ့အစည်းများအတွင်းတွင်လည်း ပြန်လည်တက်ရောက်သင့်၊ မသင့်ဆိုသည့်ပြဿနာမှာ အသေအချာ အမြော်အမြင်ကြီးကြီးဖြင့် စဉ်းစားရမည့်ပြဿနာ ဖြစ်လာနေပါသည်။ အဓိကကျသည့် မူပိုင်းဆိုင်ရာကိစ္စများ၌ပင် လက်ခံသဘောတူခြင်း မရှိခဲ့သော စစ်အစိုးရသည် သက်ဆိုင်ရာ အခန်းအလိုက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရာတွင်လည်း သဘောတူလက်ခံနိုင်လိမ့်မည် မဟုတ်ပါ။



ကျနော်တို့၏ သဘောထားမှာ ဤကာလသည် ပါတီတွင်း ညီညွတ်ရေး အထူးအရေးကြီးသော ကာလလည်း ဖြစ်သကဲ့သို့ (၁၃) ဖွဲ့ စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ကျောခြင်းကပ်ထားရမည့် ကာလလည်းဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းတစ်ခုချင်းစီ၏ တည်ရှိမှုကို နည်းသဏ္ဍာန်ပေါင်းစုံ (မြူဆွယ်၊ ဖိနှိပ်၊ ခြိမ်းခြောက်) ဖြင့် အကျပ်ကိုင်လာနေသည်ကိုလည်း တော်လှန်ရေးသတိရှိရှိဖြင့် စောင့်ကြည့် ကျော်လွှားရမည့် ကာလလည်း ဖြစ်ပါသည်။

ဤကဲ့သို့ ရှုပ်ထွေးခက်ခဲနေသော အခြေအနေအောက်တွင်ပင် ကြံ့ကြံ့ခံလျက် ရင်ဆိုင်ရပ်တည်နေကြရသော အဖွဲ့အစည်းများ၏ အနေအထားကို ကျနော်တို့ များစွာ စာနာနားလည်ပါသည်။ နအဖ စစ်အစိုးရသည် ဖြစ်နိုင်ပါက အမျိုးသားညီလာခံကို အမြန်အဆုံးသတ်ပြီး အနိုင်ပိုင်းအောင်ပွဲခံနိုင်ရန်အတွက် ဥာဏ်နီဥာဏ်နက် မျိုးစုံသုံးနေသည်ကို အဖွဲ့အစည်းအားလုံးက သတိချပ်ကြရမှာ ဖြစ်ပါသည်။ အဖွဲ့အစည်းများသည် အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးကို ရှေ့ရှုကြရမှာ ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေပြီး ပြည်ထောင်စုအမည်ခံ တစ်ပြည်ထောင်စနစ်ကို ဇာတ်သွင်းနေသည့် စစ်အစိုးရ၏ လုပ်ရပ်များကို အမြော်အမြင်ရှိစွာ ကျော်ဖြတ်ကြရမှာ ဖြစ်ပါသည်။

တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံမူပေါ်တွင် အခိုင်အမာရပ်တည်ပြီး မိမိတို့၏ သဘောထားရပ်တည်ချက်များကို ဖော်ထုတ်တင်ပြတောင်းဆိုနေသည့် မည်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ကျနော်တို့က လေးလေးစားစား ထောက်ခံဝန်းရံသွားမည် ဖြစ်ပါသည်။

◎◎◎

# "Formation and Structure of FDB"

The Forum for Democracy in Burma was established on 26 February 2004 with the aim of continuing to stand firmly as an alternative task force in the movement for democracy and national reconciliation in Burma.

The structure of FDB to date is as follow:

## "Policy Forum"

1. **All Burma Students Democratic Front**
   - Than Khe
   - Myo Win
   - Kyaw Ko
   - Kyaw Thura

2. **All Burma Federation of Student Unions (Foreign Affairs Committee)**
   - Min Naing
   - Thar Nyunt Oo
   - Zaw Tun
   - Kyaw Kyaw Thein

3. **Burmese Women's Union**
   - Mi Su Pwint
   - Nang Yin
   - Khin Ohnma
   - Ma Htay

4. **Democratic Party for New Society**
   - Aung Moe Zaw
   - Aung Thu Nyein
   - Ngwe Lin
   - Min Lwin
   - Toe Toe Tun

5. **Network for Democracy and Development**
   - Kyaw Kyaw
   - Sai Myint Thu
   - Htay Aung
   - Naing Aung

6. **People Defense Force**
   - Kyaw Htet
   - Ko Nyein

7. **Individuals**
   - Tate Naing
   - Ko Ye

**Contacts:**

**PO Box 83, Mae Sod**
**Tak 63110**
**Thailand**
**Email: democraticforum@csloxinfo.com**

## "Secretariat"

| | |
|---|---|
| 1. Dr. Naing Aung | Secretary General |
| 2. Kyaw Ko | Deputy Secretary General |
| 3. Nang Yin | Deputy Secretary General |
| 4. Aung Thu Nyein | Secretary (International Affairs) |
| 5. Kyaw Thura | Deputy Secretary |
| 6. Ko Ye | Secretary (Information and Media) |
| 7. Kyaw Kyaw Thein | Deputy Secretary |
| 8. Nyein Chan | Secretary (Inland) |
| 9. Aung Lwin | Deputy Secretary |

## "Four Policy Framework of FDB"

**Democratic Forum, will:**

- **promote solidarity among the democracy organizations and launch effective political campaigns,**
- **mobilize community-based initiatives and empower people to participate in politics,**
- **build trust and reconciliation with ethnic parties, and**
- **promote the role of women in Burmese politics at every level.**

## "FDB's Two-Year Strategic Main Aims"

**Aim I:** To collectively establish FDB as a strong task force

**Aim II:** To establish mass-based foundations in order to implement mass movement

**Aim III:** To gain more international pressure against SPDC and more effective involvement of United Nations in Burma's political impasse





၂၀၀၄ ခုနှစ်၊ စက်တင်ဘာလထုတ် မြန်မာ့နေမဂ္ဂဇင်းမှ

# စစ်အုပ်စုအတွင်းက ဖြစ်ရိုးဖြစ်စဉ် ဖြုတ်ထုတ်ပွဲများ

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့မှာ ပြည်သူလူထုကို သွေးချောင်းစီးသတ်ဖြတ်ပြီး အာဏာသိမ်းခဲ့တဲ့ နဝတ၊ နအဖ စစ်အုပ်စု အတွင်း ၁၉၉၂ ခုနှစ်မှာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ဖွဲဆော်ဦး ဖယ်ရှား ဖြုတ်ထုတ်လိုက်ချိန်ကစပြီး နှစ်စဉ် နှစ်တိုင်းလိုလို ဖြုတ်ထုတ်ပွဲတွေကို ပုံမှန်ကျင်းပလာခဲ့တာ ဒီနှစ် စက်တင်ဘာ ၁၈ ရက်နေ့အထိ ဖြစ် ပါတယ်။ ဒီနှစ် စစ်အုပ်စုထဲက လူရှင်းပွဲမှာ ကံဆိုးသူ မောင်ရှင်ဖြစ်ခဲ့ရသူတွေကတော့ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တို့ ပါဝင်သွား ပါတယ်။ သူတို့တသိုက်က ဒီနှစ်အတွင်း ပထမဆုံး ဖြုတ်ထုတ်ခံရသူတွေ တော့ မဟုတ်ကြပါဘူး။ သူတို့ထက်ဦးတဲ့သူကတော့ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးကိုလေး (ရန်ကုန်မြို့တော်ဝန်ဟောင်း) ဖြစ်ပြီး ဖေဖော်ဝါရီလ(၅)ရက်နေ့မှာ အဖြုတ်ခံလိုက်ရတာပါ။

စစ်အုပ်စုအတွင်းမှာ နှစ်စဉ် နှစ်တိုင်းလိုလို ဖြုတ် ထုတ် ပြောင်း တွေ ရှိနေတယ်ဆိုပေမယ့် ၁၆ နှစ် ကာလအတွင်း ထူးခြားတဲ့ ဖြုတ် ထုတ် ပွဲကြီး သုံးကြိမ်ရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ပထမဆုံး ထူးခြားတဲ့ ဖြုတ်ထုတ်ပွဲကတော့ ၁၉၉၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ ၈၈ အာဏာသိမ်း စစ်ခေါင်းဆောင်ကြီးကိုယ်တိုင်ကို အရူးလို့သတ်မှတ်ပြီး နောက်လိုက်တစုက ဖြုတ်ချ ဖယ်ရှား အာဏာသိမ်း လိုက်ခြင်း ဖြစ်ပါတယ်။ ဒုတိယထူးခြားတဲ့ ဖြုတ်ထုတ်ပွဲကတော့ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ နဝတအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ၁၈ ဦးရှိတဲ့အနက် ထိပ်ဆုံးဗိုလ်ချုပ်ကြီးလေးဦးက ကျန်တဲ့ ဗိုလ်ချုပ်ကြီး ၁၄ ဦးကို ဖြုတ်ထုတ် ဖယ်ရှားလိုက်ပြီး နအဖ အဖြစ် အမည်သစ်နဲ့ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ တတိယ ထူးခြားတဲ့ ဖြုတ်ထုတ်ပွဲကတော့ ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ နအဖ တွင်း ၃ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်၊ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ တပ်မတော်ရေးရာဝန်ကြီးလည်းဖြစ်၊ စစ်ထောက်ချုပ်လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး တင်လှ၊ ဒုတိယဝန်ကြီး ချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် (ရေ)၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း(လေ)နဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဟောင်း ဦးဝင်းစိန်၊ သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဟောင်း ဦးအောင်စန်း၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဟောင်း ဦးစောထွန်းတို့ကို ဖြုတ်ထုတ်ခဲ့စဉ်က ဖြစ်ပါတယ်။

ဒီနှစ် စက်တင်ဘာ ၁၈ ရက်နေ့က ဖြုတ်ထုတ်ခံခဲ့ရသူတွေဟာ နအဖ အဖွဲ့ဝင်တွေမဟုတ်ဘဲ သာမန်ဝန်ကြီးအဖွဲ့ဝင်တွေသာ ဖြစ်ကြပေ မယ့် စစ်အုပ်စုအာဏာသိမ်းခဲ့တဲ့ စက်တင်ဘာ ၁၈ ရက်နေ့ကိုမှရွေးပြီး ဖြုတ်ခဲ့တဲ့အချက်ရယ်၊ နအဖစစ်အုပ်စုအနေနဲ့ နိုင်ငံတကာရဲ့ နိုင်ငံရေးနဲ့ သံတမန်ရေး ထိုးစစ်တွေကို အပြင်းအထန် ခုခံကာကွယ်နေရချိန်မှာ အဓိက အားကိုးအားထားပြုနေရတဲ့ နိုင်ငံခြားရေးဝန်ကြီးနှစ်ပါးလုံးကို တပြိုင်တည်း ဖြုတ်ပစ်လိုက်ပြီး သံတမန်ရေးနဲ့ နိုင်ငံတကာဆက်ဆံရေးအကြောင်း နကန်းတစ်လုံးမှ မသိသေးတဲ့ ဗိုလ်ချုပ်တစ်ဦးနဲ့ ဗိုလ်မှူးကြီးတစ်ဦးကို အစားထိုးခန့်အပ်လိုက်တဲ့အချက်တွေက အနည်းငယ် ထူးခြားသလို ဖြစ်စေခဲ့တာ တွေ့ရပါတယ်။ နိုင်ငံခြားရေးဝန်ကြီးနှစ်ပါးစလုံး နအဖ ဝန်ကြီးချုပ်နဲ့အတူ စင်္ကာပူနိုင်ငံက ရန်ကုန်ကိုပြန်ရောက်ပြီး နောက်နေ့မှာ အဖြုတ်ခံလိုက်ရတာကလည်း လူအများရဲ့စိတ်ဝင်စားမှုကို ပိုမို ဖြစ်ပေါ်စေ ခဲ့တာ တွေ့ရပါတယ်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးလုံးဟာ နအဖစစ်အစိုးရအပေါ် နိုင်ငံ တကာရဲ့ဖိအားတွေနဲ့ အရေးယူမှုတွေကို အောင်မြင်အောင် ကာကွယ် ဟန့်တားနိုင်ခဲ့ခြင်းမရှိဘူးလို့ နအဖဗိုလ်ချုပ်ကြီးတွေကယူဆပြီး အရေးယူတဲ့ အနေနဲ့ ဖြုတ်ပစ်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် လူ့အခွင့်အရေးတွေကို အဖန်တလဲလဲ ချိုးဖေါက်နေတဲ့ စစ်အုပ်စုကို ဘယ်လို သံတမန်မျိုးကမှ ပြည့်ပြည့်ဝဝ အကာအကွယ်ပေးနိုင်မှာမဟုတ်ဘူးဆိုတာ နအဖ ဗိုလ်ချုပ်ကြီးတစုကလွဲရင် ကျန်တဲ့လူတိုင်းက နားလည်သဘောပေါက်ထား ကြပါတယ်။ နောက်တချက်က နအဖဗိုလ်ချုပ်ကြီးတွေက အရေးယူ ဖြုတ်ပစ်တာမျိုးမဟုတ်ဘဲ ဝန်ကြီးနှစ်ပါးလုံးက စိတ်ကုန်ပြီး ဆက်မလုပ်ချင် တော့လို့ နုတ်ထွက်စာတင်ပြီး ထွက်ခဲ့ကြတာလည်း ဖြစ်နိုင်ပါတယ်။ ဒီ ဝန်ကြီးနှစ်ပါးလုံးဟာ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အစိုးရတွေရဲ့ ဖိအား ပေးမှုတွေနဲ့ သတင်းထောက်တွေရဲ့ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းတာတွေကို အချိန်နဲ့အမျှ ကြုံတွေ့ခံစားခဲ့ကြရသူတွေ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ရန်ကုန်က နအဖဗိုလ်ချုပ်ကြီးတွေ ညွှန်ကြားတဲ့အတိုင်း နိုင်ငံတကာကို မျက်နှာအပူခံ လိမ်ညာပေးပြီး အမှုတော်ကို ဦးဆွေးဆံမြေ့ ထမ်းရွက်လာကြသူတွေ ဖြစ်ပါ တယ်။ ဒါပေမယ့် ကြာလာတာနဲ့ အမျှ တကိုယ်ရည်ဂုဏ်သိက္ခာ ထိခိုက်မှုနဲ့ စိတ်ဓာတ်ကျမှုတွေကို ခံစားလာရနိုင်ပါတယ်။ ဒီအချက် ကို ဒီနှစ် ဇွန်လ ၁၉ ရက်နေ့က ဖနွမ်းပင် အာဆီယံဝန်ကြီးများ အစည်းအဝေးအပြီးမှာ ကျင်းပ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ‘ကျနော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီး အဖြစ် ဘယ်တုံးကမှ မပျော်ရွှင်ခဲ့ပါဘူးဗျာ’ လို့ ဝန်ကြီးဦးဝင်းအောင်က ထည့်သွင်း ပြောဆိုသွားတာကိုကြည့်ရင် သိနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ် နအဖအတွင်းက အပြောင်းအလဲတွေ၊ ဖြုတ်ထုတ်ပွဲတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေသာဖြစ်ပြီး နအဖအတွင်းမှာ အုပ်စုတိုက်ပွဲတွေ၊ ဂိုဏ်းဂဏတိုက်ပွဲတွေနဲ့ တည်ငြိမ်မှုမရှိဘူးဆိုတာကို ထင်ထင်ရှားရှား ဖော်ပြနေတာဖြစ်တယ်လို့ ကောက်ချက်ဆွဲမယ်ဆိုရင် မှားလိမ့်မယ် မထင်ပါဘူး။ ။

◎◎◎

## ➲ စာမျက်နှာ ၃ မှ –

➲ စာမျက်နှာ ၃ မှ –

အသီးသီးဟာ ကမ္ဘာ့ရေးရာကိစ္စတွေမှာ မိမိတို့ သက်ဆိုင်ရာတိုင်းပြည်ရဲ့ ပကတိအခြေအနေပေါ်ကနေ ချဉ်းကပ်ကြတယ် ဆိုတာပါပဲ။ သူတို့ရဲ့ ကျနော်တို့အရေးကိစ္စအပေါ် အားပေးထောက်ခံမှုဟာ မှတ်တမ်းတင်စရာ၊ ကျေးဇူးတင်စရာပါ။ သူတို့တွေ အားပေးထောက်ခံမှု လျော့ကျမသွား အောင်လည်း မပြတ် အားထုတ် လုပ်ဆောင်နေရမှာပါပဲ။ အားပေး ထောက်ခံမှုတစ်ခု တိုးရလာလို့ အရမ်းကြီး ချီးမြှောက်လိုက်ဖို့မလိုသလို မျှော်လင့်သလောက် မရလိုက်တဲ့အတွက်လည်း ကန်ကျောက်လိုက်ဖို့ မသင့်ပါဘူး။

ကျနော်တို့ဟာ ကမ္ဘာ့မိသားစု အဝန်းအဝိုင်းထဲမှာ နေထိုင်တဲ့ မိသားစုဝင်တွေပါ။ တခြား မိသားစုဝင်တွေ ဒုက္ခရောက်နေရင် ကျနော်တို့ က ကူညီဖို့ တာဝန်ရှိသလို ကျနော်တို့ ဒုက္ခရောက်နေတာကိုလည်း ကျန် မိသားစုဝင်တွေက ကူညီဖို့ တာဝန်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်များကို ကျနော်တို့ ပြောဖို့ လိုအပ်တာကတော့ ‘တိုင်းပြည်အချင်းချင်း ဆက်ဆံရေးဆိုတာ ခေါင်းဆောင် အချင်းချင်း အဆင်ပြေရုံနဲ့ မပြီးဘူး၊ တိုင်းပြည်အတွင်း မှီတင်း နေထိုင်ကြတဲ့ တိုင်းသူပြည်သားတွေ စိတ်လက်ချမ်းသာ ပျော်ရွှင်မှသာလျှင် ဒီဆက်ဆံရေး တွေ ခိုင်မြဲ အစွန့်ရှည်နိုင်မယ်’ ဆိုတာပါပဲ။ ။

◎◎◎

# ထိုင်းနိုင်ငံ ခရိုင်သုံးခုရှိ မြန်မာဒုက္ခသည်များ အနာဂတ်

ထိုင်းအစိုးရ နယ်လှည့်အစည်းအဝေးတစ်ရပ်ကို တပ်ခရိုင်မဲဆောက်မြို့တွင် အောက်တိုဘာ ၁၈–၁၉ ရက်များ၌ ကျင်းပရန်ရှိရာ တပ်ခရိုင်အာဏာပိုင်အဖွဲ့က မြန်မာဒုက္ခသည် ၈၀,၀၀၀ နှင့် ပတ်သက်သည့်ကိစ္စကို ထိုင်းဝန်ကြီးချုပ်ထံ တင်ပြမည်ဖြစ်ကြောင်း ယခုလ ၉ ရက်နေ့က ပြောကြားသည်။

တဆောင်ယန်၊ ဖော့ဖရပ်နှင့် အုန်းဖန်ဒေသ သုံးခုတွင် နေရာချထားသော မြန်မာဒုက္ခသည်များ၏ ပြဿနာကို အလျင်အမြန် ကိုင်တွယ်ဖြေရှင်းရန်အတွက် အစည်းအဝေးပထမရက်တွင် ဝန်ကြီးချုပ် တပ်ဆင်ရီနာဝပ်အား တင်ပြမည်ဟု တပ်ခရိုင်ဝန် စုဝပ်တန်ပရာဝပ် က ပြောကြားသည်။

တပ်ခရိုင်အတွင်းမြန်မာဒုက္ခသည် ၈၀,၀၀၀ ရှိသည့်အနက် ၅၀,၀၀၀ သာ မှတ်ပုံတင်ထားခြင်းရှိပြီး မှတ်ပုံမတင်ထားသည့် ဒုက္ခသည်များအတွက် ဆေးဝါးကုသမှုနှင့် စားသောက်စရိတ်ကုန်ကျမှုများ မြင့်မားနေသည်ဟု ဒုတိယ တပ်ခရိုင်ဝန် ဆူရာချက် ဖွမ်ဂျက်တွန် က ပြောကြားသည်။

ထို့အပြင် ဒုက္ခသည်များသည် စခန်းအပြင်သို့ထွက်၍ အလုပ်လုပ်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းများရှိကြောင်း အစီရင်ခံချက်များ ရှိသည်။ အချို့ ဒုက္ခသည်များအား သစ်မှောင်ခိုသမားများက သစ်ခိုးခုတ်ရာတွင် ငှားရမ်းအသုံးချနေကြောင်းနှင့် ဒေသခံရွာသားများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဒုက္ခသည်များက ခိုးယူခြင်းများရှိကြောင်း ၎င်းက ပြောကြားသည်။

“ပိုပြီးဆိုးရွားတဲ့ ကိစ္စကတော့ တချို့ဒုက္ခသည်တွေဟာ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုမှာ ပါဝင်ပတ်သက်နေတယ်” ဟု ၎င်းက ပြောသည်။

ဒုတိယ တပ်ခရိုင်ဝန်က ဆက်လက်ပြီး ဒေသ သုံးခုတွင်ရှိသည့် ထိုင်းရွာသားအများစုက ထင်ကြသည်မှာ မြန်မာဒုက္ခသည်များသည် ဒေသခံ ထိုင်းရွာသားများထက်ပိုမိုပြီး ထိုင်းအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ကူညီစောင့်ရှောက်မှုနှင့် အထောက်အပံ့များ ရနေကြသည်ဟု ပြောသည်။

မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နာမကျန်းဖြစ်သည့် ဒုက္ခသည်များကို ဆေးကုသပေးရသည့်အတွက် ထိုဒေသ သုံးခုတွင်ရှိသည့် ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်သည့် ဌာနများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်ဟု တပ်ခရိုင်ပြည်သူ့ကျန်းမာရေးအကြီးအကဲ ပတ်ဂျူဘန် ဟန်မ်ဝန်စ က ပြောသည်။

“ရွှေ့ပြောင်းလာသူအများစုဟာ ဆင်းရဲကြတယ်၊ ဆေးဝါးကုသမှုစရိတ် မတက်နိုင်တဲ့အတွက် မဲဆောက်ဆေးရုံတစ်ခုတည်းကပဲ ဒီနှစ်အတွက် ဘတ်သန်း ၂၀ ဆုံးရှုံးနစ်နာရတယ်”ဟု ဒေါက်တာ ပတ်ဂျူဘန် က ဆိုသည်။ ။ *ဘန်ကောက်ပို့စ်၊ ၀၉–၁၀–၀၄။*

၀၀၀

# စစ်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ တရားဥပဒေဆိုင်ရာ ယန္တရားများနှင့် မြန်မာကျောင်းသားထု

ယနေ့ကာလတွင် နအဖ စစ်အစိုးရသည် အဖက်ဖက်မှ ကျဆင်းလာသော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် ပြည်တွင်းဖိအား၊ နိုင်ငံတကာဖိအားများကို ပြင်းထန်စွာရင်ဆိုင်နေရပါသည်။ ထိုအခါတွင် အာဏာကို တရားမဝင်ရယူထားသော၊ ဖောက်ပြန်သော အုပ်စိုးသူတို့၏ ထုံးစံအတိုင်း တိုင်းပြည်လူထုကို အာရုံလွှဲရန်အတွက် လိမ်ညာလှည့်ဖျားမှုများ၊ သွေးထိုး လှုံ့ဆော်မှုများ၊ ရန်းရင်းဆန်ခတ်ဖြစ်မှုများကို ဖန်တီးပြုလုပ်ပြီး ၎င်းတို့၏ ဝါဒဖြန့်ချိရေး ယန္တရားများက မမှန်သတင်းများ ထုတ်လွှင့်ဖြန့်ချိနေသည်ကို အထူးသတိပြုမိသည်။

ထိုသို့ပြုလုပ်ရာတွင် ယနေ့ကာလ အန်အယ်လ်ဒီနှင့် ကျောင်းသားထုကို အဓိကပစ်မှတ်ထားပြီး ပြုလုပ်နေသည်မှာ ထင်ရှားလှသည်။ အင်တာနက်မှတဆင့်ဖြန့်ဝေသည့် ၎င်းတို့၏ တရားမဝင်သတင်းတစ်ခုအရ ‘၁၁–၉–၂၀၀၄ ရက်နေ့ ၂၂၃၀ အချိန်တွင် မအူပင်မြို့နယ်၊အောင်ဟိတ်ကျေးရွာနေ ကွမ်းယာသည် ဒေါ်ချို (၄၆)နှစ်သည် သမီးဖြစ်သူ မအေးပွင့် (၂၀)နှစ်၊ သားဖြစ်သူမောင်သန်းဝင်း (၁၄)နှစ်တို့နှင့်အတူ ကွမ်းယာဆိုင်သိမ်း၍ ပြန်လာရာ သားဖြစ်သူမောင်သန်းဝင်းအားညစာစားရန် ဟင်းဝယ်ခိုင်းပြီး ၂ ရပ်ကွက်၊ ဘုရားလမ်းနှင့် ၃ လမ်းထိပ်တွင် စောင့်ဆိုင်းနေခဲ့ကြောင်း၊ ထိုအချိန်တွင် အစိုးရနည်းပညာကောလိပ်ကျောင်းသား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့်ရောက်ရှိလာပြီး ဒေါ်ချိုအား ချုံပုတ်ထဲ ခဏလိုက်ခဲ့ရန် ပြောဆိုခဲ့ရာ ဒေါ်ချိုမှ မိန်းမကောင်းဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း တစ်ဦးက ဒါမျိုးရိုးနေပြီဟုဆိုကာ တာလမ်းဘေးသို့ အတင်း ဆွဲချခဲ့ကြောင်း၊ သမီးဖြစ်သူ မအေးပွင့်ကိုလည်း အခြားကျောင်းသားနှစ်ဦးက ဆွဲလွဲထိုးကြိတ်မှုများပြုလုပ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် ဟင်းဝယ်ပြန်လာသော သားဖြစ်သူမောင်သန်းဝင်းက လက်ထဲရှိသုံးဆင့်စတီးချိုင့်ဖြင့် တစ်ဦးကို ရိုက်နှက်ခဲ့ပြီး အော်ဟစ်အကူအညီ တောင်းခံခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက ရမ်းကားနေသူလေးဦးကို ဝိုင်းဝန်းဖမ်းဆီးပြီး ရဲတပ်ဖွဲ့စခန်းသို့ ပို့ဆောင်ခဲ့ရကြောင်း’ စသည်ဖြင့် ဖော်ပြထားပါသည်။

ထိုဖြစ်စဉ်တွင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေသော မိသားစုအား အပျော်ရှာယုံသက်သက်ဖြင့် နှမချင်း စာနာစိတ် ကင်းမဲ့စွာ ဆွဲလားရမ်းလားပြုလုပ်ခဲ့သည့် ကျောင်းသား လူငယ်လေးဦးအား ၁၄၊ ၉၊ ၀၄ (အဂၤါ) နေ့၌ နယ်မြေခံစစ်ထောက်လှမ်းရေးများ၏ ဖိအားပေးချက်နှင့် အမျိုးသမီးရေးရာတို့၏ ဖိအားပေးချက်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာညွန့်က ကျောင်းသားလေးဦးအား ကျောင်းမှထုတ်ပစ်၍ ရုံးတင်စစ်ဆေးခဲ့သည်။

ထိုနေ့ည ၇း ၃၀ ခန့်တွင် မအူပင်မြို့နယ်တရားရုံးမှ –

မောင်ဝဏ္ဏအောင်အောင် (2nd EC) အား ပုဒ်မ ၃၅၄ နှင့် ၃၂၃ အရ အလုပ် ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်နှင့် ၆ လ၊

မောင်အောင်ကိုကိုဝင်း အား ပုဒ်မ ၃၅၄ နှင့် ၃၂၃ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်နှင့် ၆ လ၊

မောင်ပြည်ဖြိုးဝင်း (2nd EC) အား ပုဒ်မ ၃၂၃ နှင့် ၁၁၄ အရ အလုပကြမ်းနှင့်ထောင်ဒဏ် ၁ နှစ်၊

မောင်ဝင်းကိုကို အား ပုဒ်မ ၃၅၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် အယူခံလျှောက်ထားချက်အရ လူငယ်များ၏ ရှေ့ရေးမနစ်နာစေရန် တာဝန်ရှိသူများက ညှိနှိုင်းလျှော့ပေါ့ပြီး ပြစ်ဒဏ်တစ်လ ကျခံစေရန် ပြင်ဆင်ချမှတ်ခဲ့ပြီး အဝေးသင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာကျောင်းမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်ဟုလည်း အထက်ပါသတင်းအရ သိရပါသည်။

➲

➡

ဤအမှု၌ ဥပဒေအရလုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်၍ အထက်အမိန့်အား ရွတ်ပြသကဲ့ရှိခြင်း၊ နှစ်ဦးနှစ်ဖက်သက်သေများအား တိကျသေချာစွာ စစ်ဆေးခြင်းမပြုဘဲ အမိန့်ကို ချက်ချင်းချခြင်း၊ ရုံးချိန်လွန်မှ (ည ၇ း ၃၀) အမိန့်အားချခြင်း၊ အမျိုးသမီးသည် စစ်အစိုးရ၏ မအူပင် အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးဟု ကြားသိရခြင်း၊ စစ်ထောက်လှမ်းရေး နှင့် အမျိုးသမီးရေးရာတို့၏ ဖိအားပေးချက်နှင့် တရားမဲ့လုပ်ကိုင်ခြင်းများ ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် ကျောင်းသားလေးဦးက ထိုအမျိုးသမီးကို မကောင်းသော မိန်းမထင်၍ ဗလက္ကာယပြုလုပ်သည်ဟု အာဏာပိုင်များက မဟုတ်မမှန် သတင်းလွှင့်ခြင်း၊ ကျောင်းသား/ကျောင်းသူများ ထောင်ဝင်စာ သွားတွေ့ သည်ကို အာဏာပိုင်များက တားမြစ်ခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

ထိုသို့ မြန်မာပြည်တွင်း၌ ကျောင်းသားများ အရေးယူခံရသည့် သတင်းဖြစ်ပေါ်ချိန်တွင် (၁၁၊ ၁၀၊ ၂၀၀၄) နေ့ အာရ်အက်ဖ်အေ နံနက်ပိုင်း သတင်းတစ်ခု၌ "ထိုင်းနိုင်ငံတွင် ဒီမိုကရေစီရေးအတွက် ၁၉၇၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ကျောင်းသားလှုပ်ရှားမှုတွင် အကြမ်းဖက် ဖြိုခွင်း ခံရသဖြင့် ကျဆုံးသွားသူများ၊ ဒုက္ခိတဖြစ်သွားသူများ၊ စိတ်ရောဂါ ရရှိ သွားသူများ၊ ပျောက်ဆုံးသွားသူများ ရှိခဲ့ကြောင်း ထိုဖြစ်ရပ်ကို ပြည်သူ လူထုအများအား ပညာပေးသိရှိစေရန် အောက်တိုဘာ ၁၄ ရက် အမှတ်တရ ဓာတ်မီပြတိုက်တစ်ခု တည်ဆောက်သွားမည်ဟု သိရှိရသည်။ ၎င်းပြတိုက်စီမံကိန်းက ထိုဖြစ်ရပ်ကို ပြည်သူလူထုများနားလည်ပြီး တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးတိုးတက်မှုများကို ပိုမိုကူညီနိုင်မည်ဟု မိမိတို့ယုံကြည်ကြောင်း" အောက်တိုဘာ ၁၄ ဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဗင်ချိုင်းချူကီဗင်ဘတ်က ပြောဆို သွားသည်ကို ကောက်နုတ်သိရှိရပါသည်။

ထို့ကြောင့် နအဖ စစ်အစိုးရသည် ယနေ့ကာလ တိုင်းပြည်၏ အထွေထွေအကျပ်အတည်းကြီးကို တွေ့ဆုံဆွေးနွေးသောနည်း ငြိမ်းချမ်း သောနည်းတို့ဖြင့် မဖြေရှင်းနိုင်သရွေ့ ပြည်သူလူထုအတွင်း ဖိနှိပ်မှုများ၊ ဝါဒဖြန့်မှိုင်းတိုက်မှုများ၊ သွေးခွဲသတ်လျှိုမှုများကို အရှက်ကင်းမဲ့စွာ ဥပဒေမဲ့စွာ ပြုလုပ်လာနေသည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ အထူး သဖြင့် ပြည်သူလူထု၏ ချစ်ခင်မှုယုံကြည်အားထားမှုကို ရရှိခဲ့သော ကျောင်းသားထုနှင့် ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲများကို အထူး ကြောက် ရွံ့ကာ၊ ကျောင်းသားထုနှင့် ကျောင်းသားလှုပ်ရှားမှုများကို သေးသိမ်အောင် မင်းမဲ့စရိုက်ဖြစ်အောင်၊ လူထုက အထင်အမြင်သေးအောင်၊ မယုံကြည် အောင် လိမ်ညာလှည့်ဖြားပြီး ဝါဒဖြန့်လုပ်ဆောင်မှုများ ပြုလုပ်လာနေသည် ကို ကျောင်းသားများ ပြည်သူများ အထူးသတိပြုနိုင်ကြရန် ရေးသား တင်ပြလိုက်ရပါသည်။ ။

# ထိုင်းနိုင်ငံရဲ့ ဒီမိုကရေစီ သူရဲကောင်းများကို ဂုဏ်ပြုပုံ

ထိုင်းနိုင်ငံတွင် ဒီမိုကရေစီရေးအတွက် ၁၉၇၃ ခုနှစ် အောက်တိုဘာ လ ၁၄ ရက်နေ့က ဆန့်ကျင်လှုပ်ရှားမှုကြီးအတွင်း အကြမ်းဖက် ဖြိုခွင်းခံခဲ့ရ သောကြောင့် ဒီမိုကရေစီ တိုက်ပွဲဝင်သူ ၁၇ ဦး သေဆုံးခဲ့ရပြီး ၅၆ ဦးမှာ မသန်စွမ်း ဒုက္ခိတဖြစ်ခဲ့ရသည့်အပြင် ၂၇ ဦးမှာ စိတ်ရောဂါသည်များ ဖြစ်သွားခဲ့သလို ၄ ဦးမှာ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားခဲ့ပါသည်။ ထိုသို့ဖြစ်ခဲ့ရသည့်အကြောင်း ပြည်သူလူထုအများကို ပညာပေး သိရှိစေရန် အတွက် အောက်တိုဘာ ၁၄ အမှတ်တရ ဓာတ်မီပြတိုက်တစ်ခုကို တည်ဆောက်သွား မည်ဟု သိရသည်။ အဆိုပါ အောက်တိုဘာ ၁၄ ပြတိုက် စီမံကိန်းကို မနေ့က (၁၀၊ ၁၀၊ ၀၄) စတင်ခဲ့ပြီး နောက်နှစ် အောက်တိုဘာ တွင် ပြီးစီးမည်ဟု အောက်တိုဘာ ၁၄ ဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဗင်ချိုင်း ချူကီဗင်ဘတ် ကပြောဆိုသည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ပြည်သူများ၏ စိတ်ဝင်စားမှုနှင့် လေ့လာမှုများရှိလာစေရန်၊ ဒီမိုကရေစီရေး ဖြစ်ရပ်၏ အဓိပ္ပာယ်ပြည့်ဝမှု မပျောက်ပျက်သွားစေရန် သုံးနှစ်အတွင်း၌ စီမံကိန်းရေးဆွဲခဲ့ကြောင်း၊ ဤဖြစ်ရပ်ကို ပြည်သူများနားလည်ပြီး တိုင်းပြည် ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး တိုးတက်မှုများကို ပိုမိုကူညီ နိုင်မည်ဟု မိမိတို့ ယုံကြည်ကြောင်း ဒေါက်တာ ဗင်ချိုင်းက ပြောဆိုသည်။

အဆိုပါပြတိုက်တွင် ထိုင်းနိုင်ငံ၏ အာဏာရှင်စနစ်မှ ဒီမိုကရေစီ စနစ်သို့ ပြောင်းလဲစေသည့် လှုပ်ရှားမှုကြီးတွင် ပါဝင်ခဲ့သည့် သာမန်ပြည်သူ များ၊ ထင်ရှားသည့် ခေါင်းဆောင်များနှင့် ပတ်သက်သည့် သတင်း အချက် အလက်များကို တင်ပြထားမည်ဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၁၄ လူထုလှုပ်ရှားမှုကြီးတွင် ပါဝင်ခဲ့သည့် နာမည် မထင်ရှားသည့် လှုပ်ရှားသူ သာမန်ပြည်သူများ စာရင်းကိုလည်း လောလောဆယ် သုတေသန ပြုလုပ်နေပြီး မကြာခင် ပြီးစီးတော့မည်ဟု ဆို၏။

အဆိုပါကာလ ဒီမိုကရေစီတိုက်ပွဲအတွင်း သေဆုံးခဲ့သူ ဓာတ်ပုံဆရာ ရှင်ကလစ်ပန်၏ ကင်မရာထဲမှ သက်သေ အထောက်အထားများ ရရှိခဲ့သည့်အတွက် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေ သော အချက်အလက်များ ရရှိခဲ့သည်ဟုလည်း ဆိုသည်။ ထို့အပြင် ယင်း ကာလတုန်းက ထုတ်ဝေ ဖြန့်ဖြူးခဲ့သည့် မူရင်း လက်ကမ်းစာစောင်များကို လည်း ပြတိုက်တွင် ပြသထားမည်ဖြစ်ပြီး အဆိုပါ လှုပ်ရှားမှုကြီးတွင် လူထုခေါင်းဆောင်ဖြစ်သည့် သမာဆပ်တက္ကသိုလ်မှ ပါမောက္ခ စပ်ကဲန်ပရာ ဆပ်ကူး ကလည်း ၎င်း ဝတ်ဆင်ခဲ့သည့် ခါးစီးကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

*အောက်တိုဘာ ၁၁ ရက်၊*
*လွတ်လပ်သောအာရှအသံ၊ နံနက်ပိုင်း။*




*အောက်တိုဘာ ၁၄ အရေးအခင်းတွင်ပါဝင်ခဲ့ပြီး သေနတ်ထိမှန်သဖြင့် ခြေထောက်တစ်ဖက် ဖြတ်လိုက်ရသူ ဗီလာဆက်ယစ်ဝီမိုကူးလ် ကျဆုံးသွားသူများ၏ ဓာတ်ပုံများအား ကြည့်ရှုနေစဉ်။*

# မိုင်းဒဏ်ရာကုသနေသော ကလေးစစ်သားကို စစ်တပ်ကပြန်ခေါ်သွားခဲ့

ဆေးကုသမှုခံယူနေသည့် ကလေးစစ်သားတစ်ဦးကို ဗိုလ်ကြီးတစ်ဦးက လူနာရှင်မိဘများအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ကရင်ပြည်နယ် ဖာပွန်ရှိ ခြေမြန်တပ်ရင်း ၃၄၀ သို့ ပြီးခဲ့သည့်ဇူလိုင်လတွင် ပြန်လည် ခေါ်ဆောင်သွားခဲ့ကြောင်းသတင်းရရှိသည်။

မိုင်းထိ၍ ညာဘက်ဒူးဆစ်အောက်ပြတ်သွားသည့် မောင်ဆက်သီအောင်ကို ရန်ကုန်စစ်ဆေးရုံက အရိုးပြန်လှီးပြီး ကုသရန် ရက်ချိန်းသတ်မှတ်၍ မင်္ဂလာဒုံ အရိုးအထူးကုအဆောင် ၃၊ အခန်း ၃တွင် စောင့်ခိုင်းထားစဉ် ပြန်လည်ခေါ်ဆောင်ခံရခြင်းဖြစ်သည်ဟု မိဘများကပြောသည်။ ယခုအချိန်အထိ သားဖြစ်သူ မောင်ဆက်သီအောင်နှင့် ၎င်းတို့အဆက်အသွယ်မရရှိသေးကြောင်း၊ ဆေးရုံကရက်ချိန်းလည်း ကျော်လွန်နေပြီဖြစ်ကြောင်းနှင့် အနာမကျက်သေးဘဲ ခေါ်ဆောင်သွားခြင်းအပေါ် စိတ်ပူပင်လျက်ရှိကြောင်း မိဘများက ဆက်လက်ပြောသည်။

ပြန်လည်ခေါ်ဆောင်သည့်အခါ အဆိုပါအရာရှိက စစ်ဆေးရုံတွင်ဆေးကုသမှု ခံယူနေကြသော မောင်ဆက်သီအောင်နှင့် တပ်ရင်းတစ်ရင်းတည်းမှ တိုက်ပွဲတွင်ဒဏ်ရာရရှိခဲ့သော အခြားရဲဘော်ငါးဦးကိုပါ မိခင်တပ်ရင်း အမှတ် ၃၄၀ သို့ ခေါ်သွားခဲ့ခြင်းဖြစ်သည်။

မောင်ဆက်သီအောင်၏မိဘများသည် သားဖြစ်သူအတွက် စစ်ဆေးရုံက ဝယ်ခိုင်းသည့် ဆေးဝါးများနှင့် ဒူးစွပ်ဂျိုင်းထောက် ဝယ်ရန်ငွေကြေး မတတ်နိုင်သည့်အတွက် နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) သို့ ၂၂၊ ၃၊၂၀၀၄ ရက်နေ့တွင် အကူအညီတောင်းခံခဲ့ပြီး တပ်မတော်သားတစ်ဦးရပိုင်ခွင့်နှင့် ပင်စင် ခံစားပိုင်ခွင့်ရရှိရန်လည်း တိုင်ကြားခဲ့သည်။

မောင်ဆက်သီအောင်သည် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၁၀ ရပ်ကွက်တွင် မိဘများနှင့်အတူ နေထိုင်ခဲ့သူဖြစ်ပြီး ဒညင်းကုန်း စစ်သားစုဆောင်းရေးတပ်တွင်၂၀၀၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့က အဓမ္မ စုဆောင်းခြင်းခံခဲ့ရသည်။ ဧပြီလ ၃၀ ရက်နေ့တွင် သထုံမြို့ အမှတ် ၉ စစ်အခြေခံလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်ရောက်ခဲ့ပြီးနောက် ခြေမြန်တပ်ရင်း ၃၄၀ တွင် အသက် ၁၅ နှစ်အရွယ်မှစ၍ စစ်မှုထမ်းဆောင်နေရသူဖြစ်သည်။

ရှေ့တန်းတွင်တာဝန်ထမ်းဆောင်ရင်း ယခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့က မိုင်းထိ၍ မောင်ဆက်သီအောင်ကို အဆိုပါစစ်ဆေးရုံသို့ ပို့ဆောင်သည့် အချိန်ကလည်း တာဝန်ရှိသူများက မိဘများထံ တရားဝင်အကြောင်းကြားခြင်းမရှိခဲ့ပေ။ ၎င်းနှင့် အတူဆေးကုသမှုခံယူသည့် ဒုတပ်ကြပ်တစ်ဦး၏ ဆက်သွယ်ပေးမှုကြောင့် နေအိမ်မှ နှစ်နှစ်နီးပါးကြာပျောက်ဆုံးနေသည့် သားနှင့် မိဘများ တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင်းဖွဲ့စည်းထားသည့် အရွယ်မရောက်သေးသော ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီး ထိန်းသိမ်းရေးကော်မတီသည် နိုင်ငံတွင်း၌ "ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ်စုဆောင်းခြင်းများ မဖြစ်ပေါ်ရေးအတွက် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရေး" အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း စစ်ကောင်စီသည် ကလေးစစ်သားအသုံးပြုမှုနှင့်ပတ်သက်၍ ပြည်ပကပြောကြားချက်များကို အစဉ်တစိုက် ငြင်းဆိုခဲ့သည်။ ရိုးမ ၃ သတင်းဌာန

# ဥပဒေတွင်းမှာ ဘယ်လိုအရေးဆိုကြမလဲ
# ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးစာချုပ်နှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ကလေးသူငယ်အခွင့်အရေးစာချုပ်စာတမ်းမှာ သဘောတူလိုက်နာပါ့မယ်လို့ ခံဝန်လက်မှတ်ထိုးထားတဲ့နိုင်ငံဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ကလေးသူငယ်အခွင့်အရေးစာချုပ်ဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးနီးပါး သဘောတူလက်မှတ် ထိုးထားတဲ့ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းတစ်ခုပါ။ စာချုပ်ရဲ့ ထူးခြားချက်ကတော့ အခြားလူ့အခွင့်အရေးစာချုပ်တွေမှာပါဝင်တဲ့ အရေးကြီးတဲ့အချက်အလက်အတော်များများကို ဒီစာချုပ်ထဲမှာ ပေါင်းစပ်ထားခြင်းပါပဲ။ ဒါကြောင့် စာချုပ်အဖွဲ့ဝင်နိုင်ငံက ကလေးသူငယ်တွေဟာ အခြားလူ့အခွင့်အရေးဆိုင်ရာ အရေးပါတဲ့ အချက်အလက်တွေကိုပါ ခံစားနိုင်ခွင့်ရှိပါတယ်။ ဥပမာအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂရဲ့ နိုင်ငံသားနဲ့ နိုင်ငံရေးဆိုင်ရာအခွင့်အရေးစာချုပ်စာတမ်းကို မြန်မာအစိုးရအနေနဲ့ လက်မှတ်ရေးထိုးခြင်းမပြုပေမယ့် ကလေးသူငယ်အခွင့်အရေးစာချုပ် ထိုးထားတဲ့အတွက် မြန်မာနိုင်ငံက ကလေးသူငယ်တွေအနေနဲ့ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့် စတဲ့ အခွင့်အရေးတွေ ရပိုင်ခွင့် ရှိပါတယ်။ အခုဆောင်းပါးမှာတော့ ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းအကြောင်းအရာထက်စာရင် ဒီစာချုပ်ပါ အချက်အလက်တွေကို နာခံပါ့မယ်လို့ လက်မှတ်ထိုးထားတဲ့ မြန်မာနိုင်ငံမှာ ကလေးသူငယ်အခွင့်အရေးဆုံးရှုံးမှုတွေ၊ ချိုးဖောက်ဖျက်ခံရမှုတွေအတွက် ဥပဒေတွင်းက ဘယ်လို ပြန်လည်စောဒကတက်နိုင်တယ်ဆိုတာ၊ ဒါမှမဟုတ် ဒီအခွင့်အရေးတွေအတွက် ဘယ်လိုအရေးဆိုနိုင်တယ် ဆိုတာကို ရေးသားဖော်ပြသွားပါမယ်။ ဒီအခွင့်အရေးခံစားပိုင်ခွင့် အကျုံးဝင်သူတွေကတော့ စာချုပ်အရ အသက် ၁၈ နှစ်အရွယ်အထိ ဖြစ်ပါတယ်။

### နိုင်ငံတွင်း ကလေးသူငယ်အခွင့်အရေး ကာကွယ်ရေးဆိုင်ရာယန္တယား

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၁ ခုနှစ် ဩဂုတ်လကစလို့ အတည်ဖြစ်ခဲ့ပါတယ်။ ဒါဟာ နိုင်ငံတကာဥပဒေထဲမှာ မြန်မာနိုင်ငံအနေနဲ့ အကျုံးဝင်မှုတရပ် ဖြစ်ပါတယ်။ ဒီဥပဒေကို နိုင်ငံတွင်းမှာ လေးစားလိုက်နာကြဖို့အတွက် စာချုပ်ပါစည်းမျဉ်းအရ နိုင်ငံတော်ဥပဒေမှာပါ ထည့်သွင်းပြဋ္ဌာန်းရပါတယ်။ ဒါကြောင့် ၁၉၉၃ ခုနှစ် ဇူလိုင်လမှာ မြန်မာစစ်အစိုးရ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) ကနေ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကလေးသူငယ်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေကို လေးစားလိုက်နာအကောင်အထည်ဖော်နိုင်ဖို့ ၁၉၉၃ ခုနှစ် စက်တင်ဘာလထဲမှာပဲ "ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ" ကို ဖွဲ့စည်းခဲ့ပါတယ်။ ပြည်နယ် တိုင်း ခရိုင် မြို့နယ်အဆင့်ဆင့်မှာလည်းပဲ ဒေသဆိုင်ရာ ကော်မတီခွဲလေးတွေ နိုင်ငံအနှံ့ဖွဲ့စည်းခဲ့ပါတယ်။ ကလေးသူငယ်အခွင့်အရေးနဲ့ပတ်သက်လို့ စောင့်ကြပ်စစ်ဆေးမှုဆပ်ကော်မတီကိုတော့ ၁၉၉၉ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီတွေကတဆင့် ကလေးသူငယ်အခွင့်အရေးချိုးဖောက်ခံရမှုတွေကို တိုင်ကြားနိုင်ပါတယ်။ ဒ့ါအပြင် ၁၉၉၃ ခုနှစ် ကလေးသူငယ်အခွင့်အရေး ကာကွယ်မှုဥပဒေအရ နစ်နာဆုံးရှုံးမှုတွေကို နိုင်ငံတွင်း တရားရုံးများကနေ တရားစွဲဆိုတိုင်ကြားပိုင်ခွင့်ရှိပါတယ်။

နိုင်ငံတွင်းမှာ တိုင်ကြားခွင့်မရဘူး ဒါမှမဟုတ် တရားစွဲဆိုမှုရှုံးနိမ့်ခဲ့ရင် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ကလေးသူငယ်အခွင့်အရေးကော်မတီကို တိုက်ရိုက်တိုင်ကြားလျှောက်ထားနိုင်ပါတယ်။

### ပညာပေးမှု

မြန်မာနိုင်ငံလို လူ့အခွင့်အရေးယဉ်ကျေးမှုဆိတ်သုဉ်းနေတဲ့ အုပ်ချုပ်မှုအောက်မှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပညာပေးမှုဟာ အရေးကြီးပါတယ်။ စစ်အစိုးရက ကုလသမဂ္ဂကိုပေးပို့တဲ့ အစီရင်ခံချက် အသီးသီးမှာတော့ ကုလသမဂ္ဂရဲ့ ကလေးသူငယ်အခွင့်အရေးစာချုပ်ကို မြန်မာဘာသာအပါအဝင် အခြားတိုင်းရင်းသားဘာသာအသီးသီးကို ဘာသာပြန်ပြီး ဖြန့်ဝေခဲ့တယ်၊ ဒေသအဆင့်အာဏာပိုင်တွေကို နိုင်ငံတကာ စံနှုန်း ကလေးသူငယ်အခွင့်အရေးတွေ သင်ကြားပို့ချခဲ့တယ်၊ နိုင်ငံတွင်း ကလေးသူငယ်အခွင့်အရေးတွေ ပျံ့နှံ့လာအောင် ပညာပေးခဲ့တယ် စသဖြင့် ပြောဆိုနေပါတယ်။ စာချုပ်ပါအချက်ထဲက အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်တဲ့ ကလေးသူငယ်တွေကို နိုင်ငံတကာစံနှုန်း လူ့အခွင့်အရေးပညာပေးမှုတွေ ပြုလုပ်ဖို့ဆိုတာ ပါပါတယ်။ အဓိကကတော့ ကလေးသူငယ်တွေရဲ့ ပညာရေးသင်ရိုးညွှန်းတမ်းတွေမှာ လူ့အခွင့်အရေးပညာပေးမှုတွေ ထည့်သွင်းဖို့ပါ။ အုပ်ချုပ်ရေးယန္တယားတွေဖြစ်တဲ့ အကျဉ်းထောင်၊ စစ်တပ်၊ ရဲ စတာတွေကို ကလေးသူငယ်အခွင့်အရေးပညာပေးတာတွေဟာလည်း အရေးပါပါတယ်။ မွေးရာပါ လူ့အခွင့်အရေးအပေါ် တန်ဖိုးထားမှုစံနှုန်း ပျက်စီးနေတဲ့ မြန်မာနိုင်ငံအုပ်ချုပ်ရေးတာဝန်ရှိသူအဆင့်ဆင့်ကို လူ့အခွင့်အရေးပညာပေးမှုဟာအရေးကြီးပါတယ်။ လက်ရှိ တည်ဆဲဥပဒေအရပင်လျှင် ဥပဒေချိုးဖောက်နေတဲ့ အာဏာပိုင်တွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စာချုပ်ပါစည်းမျဉ်းအရ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကို နိုင်ငံတွင်းကလေးသူငယ်အခွင့်အရေးအခြေအနေနဲ့ပတ်သက်လို့ အစီရင်ခံခဲ့တာ နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ်က ၁၉၉၇ ခုနှစ်ဖြစ်ပြီး ဒုတိယအကြိမ်ကတော့ ၂၀၀၄ ခုနှစ်ထဲမှာပါ။ အစီရင်ခံစာနှစ်ခုစလုံးမှာ စစ်အစိုးရထုံးစံအတိုင်း "ကောင်း" ဆိုတာနဲ့ချည်း ပြည့်နေပါတယ်။ ဒါပေမယ့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တွေနဲ့ အခြားတိုင်တန်းချက်တွေအရ မြန်မာနိုင်ငံတွင်း ကလေးသူငယ် အခွင့်အရေးတွေ ချိုးဖောက်ခံရမှုရှိနေကြောင်း နိုင်ငံတကာကသိခဲ့ပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်အခွင့်အရေးတွေကို အပြည့်အဝအာခံချက်ပေးဖို့ဆိုတာကို ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးကော်မတီကနေ ပြင်းပြင်းထန်ထန်တောင်းဆိုခဲ့ပါတယ်။

### ကလေးသူငယ်အခွင့်အရေးဆိုတာဘာလဲ

ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးစာချုပ်ပါ အချက်အလက် အားလုံးမဟုတ်ဘဲ မြန်မာနိုင်ငံအတွက် အရေးပါမယ် ယူဆတဲ့ အချက်အလက်တွေကို ဖော်ပြပါမယ်။ ဒီစာချုပ်ပါ အချက်အလက် ခံစားခွင့်ဟာ အသက် ၁၈ နှစ်အရွယ်အထိ လူသားအားလုံး အကျုံးဝင်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားချက်အမျိုးမျိုးရှိနေတဲ့ အသားအရောင်၊ လိင်ပိုင်းဆိုင်ရာ၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးအယူအဆ၊ ထင်မြင်ချက်၊ လူမျိုး၊ လူ့အသိုင်းအဝိုင်း၊ မွေးဖွားရာဇာတိ စတဲ့ မတူညီမှုတွေအပေါ် အခြေခံပြီး ကလေးသူငယ်တွေကို ခွဲခြားဆက်ဆံတာ ခွဲခြားသတ်မှတ်တာ ခွဲခြားပြီးအခွင့်အရေးပေးတာတွေကို စာချုပ်ပါအချက်အလက်က အတိအလင်းတားမြစ်ထားပါတယ်။ လူ့မွေးရာပါအခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စတာတွေကို ကလေးသူငယ်တွေခံစားပိုင်ခွင့်ရှိအောင် စာချုပ်အဖွဲ့ဝင်နိုင်ငံ အစိုးရတွေအနေနဲ့ အာမခံဖို့ စာချုပ်က အတိအလင်းညွှန်းဆိုထားပါတယ်။ တဆက်တည်းပဲ ကလေးသူငယ်တွေအနေနဲ့ အတင်းအကြပ်ခိုင်းစေခံရတာ၊ အတင်းအကြပ် စစ်ထဲတွန်းပို့ခံရတာ၊ အတင်းအကြပ် အသင်းအပင်းတစ်ခုခုထဲ အဝင်ခိုင်းခံရတာတွေကို စာချုပ်ပါအချက်အလက်တွေက အတိအလင်း တားမြစ်ထားပါတယ်။ ကလေးသူငယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု – အထူးသဖြင့် အခမဲ့ပညာရေးစနစ်နဲ့ အရည်အသွေးရှိပညာရေးစနစ် ခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့် – တွေအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဓိကတာဝန်ရှိတယ်၊ ဆောင်ရွက်ပေးရမယ်လို့ စာချုပ်မှာဆိုပါတယ်။ ကလေးသူငယ်တွေကို မတရား ညှဉ်းပန်းနှိပ်စက်ဖမ်းဆီးတာ၊ လူကုန်ကူးတာ၊ တရားဥပဒေမဲ့ဆောင်ရွက်တာတွေကို စာချုပ်က တင်းတင်းကြပ်ကြပ်တားမြစ်ပါတယ်။ ဥပဒေချိုးဖောက်လို့ ဖမ်းဆီးခံရတဲ့ (သို့မဟုတ်) စွပ်စွဲခံရတဲ့ ကလေးသူငယ်တွေအတွက်ပင်လျှင် တရားဥပဒေရဲ့ အကာအကွယ်နဲ့ မိဘအုပ်ထိန်းသူရဲ့ အစောင့်အရှောက်ကို ရရှိစေဖို့ စာချုပ်ပါအချက်အလက်တွေက အခိုင်အမာပြုထားပါတယ်။ မိဘမဲ့ ကလေးငယ်တွေ၊ ကိုယ်အင်္ဂါချို့တဲ့ကလေးငယ်တွေကို နိုင်ငံတော်အနေနဲ့ အထူးစောင့်ရှောက်မှုအစီအမံတွေ လုပ်ပေးဖို့လည်း စာချုပ်က အစိုးရတွေကို ဖိအားပေးထားပါတယ်။ ကလေးသူငယ်တွေအနေနဲ့ နိုင်ငံသားဖြစ်ပိုင်ခွင့်နဲ့ မိမိနေရပ်အတွင်း လုံခြုံရေးအခြေအနေကြောင့် ဒုက္ခသည်အဖြစ် အခြားနိုင်ငံခိုလှုံခွင့်ဆိုင်ရာ အခွင့်အလမ်းတွေကိုလည်း စာချုပ်ပါ အချက်အလက်တွေက ညွှန်းဆိုထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာစစ်အစိုးရအနေနဲ့ ဒီအချက်အလက်တွေကို လိုက်နာပါ့မယ်လို့ ၁၉၉၁ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို သို့တည်းမဟုတ် နိုင်ငံတကာ လူ့အဖွဲ့အစည်းကို ခံဝန်ကတိပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတွင်းမှာလည်း ဒီ အခွင့်အရေးတွေကို တရားဥပဒေအရ ခံစားစေရမယ်ဆိုပြီး ၁၉၉၄ ခုနှစ်မှာ ပြည်တွင်းဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

### ဒီအခွင့်အရေးတွေကို ဘယ်လိုအရေးဆိုမလဲ

အဓိကကတော့ ပညာပေးရေးပါ။ စစ်အစိုးရကိုယ်တိုင် ကတိကဝတ်ပြုထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂက လေးသူငယ် အခွင့်အရေးဆိုင်ရာစာချုပ်ကို လက်လှမ်းမီသရွေ့ဖြန့်ဝေဖို့လိုပါတယ်။ အထူးသဖြင့် အုပ်ချုပ်မှု အာဏာပိုင်တွေသိရှိနေဖို့လိုပါတယ်။ ပြီးခဲ့တဲ့ချိုးဖောက်မှုတွေဟာ တည်ဆဲဥပဒေကြောင်းအရ တရားမဝင်ဘူး၊ ချိုးဖောက်သူတွေအနေနဲ့ တရားစွဲဆိုအရေးယူခံရနိုင်ဖွယ်ရှိတယ်ဆိုတာကို သိစေရပါမယ်။ ဒါဟာ ဥပဒေအရ တရားဝင်လုပ်ဆောင်မှုပါ။ နောင် ထပ်မံ ချိုးဖောက်မှုမဖြစ်အောင် လူ့အခွင့်အရေးကာကွယ်မှု အစီအမံတစ်ခုပါ။

အခြားတဖက်မှာတော့ စာချုပ်ပါအချက်အလက်တွေနဲ့ ၁၉၉၄ ခုနှစ်မြန်မာနိုင်ငံကလေးသူငယ်ဥပဒေအရ ဆန့်ကျင်ဖီလာဖြစ်နေတဲ့ (ကလေးသူငယ်တွေအပေါ်)လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖော်ထုတ်ရပါမယ်။ နီးစပ်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်က ကလေးသူငယ်အခွင့်အရေးကာကွယ်ရေးကော်မတီခွဲတွေထံ ချိုးဖောက်မှုဖြစ်ရပ်တွေကို ကိုယ်တိုင်တိုင်ကြားဖို့လိုပါတယ်။ ဒီကော်မတီရုံးတွေကို ခရိုင် မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးရုံးအချို့နဲ့ တွဲထားတယ်လို့သိရပါတယ်။ ကိုင်တိုင်အချိုးဖောက်ခံရတဲ့ အသက်မပြည့်သူကလေးငယ်တွေ သို့မဟုတ် အုပ်ထိန်းသူတွေကနေ ဥပဒေကြောင်းအရ နီးစပ်ရာတရားရုံးတွေမှာ တရားစွဲဆိုပိုင်ခွင့်ရှိပါတယ်။ တရားစွဲဆိုရာမှာ ၁၉၉၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေကို ရည်ညွှန်းရပါမယ်။

တကယ်တမ်းကတော့ လူ့အခွင့်အရေးအာမခံချက်တွေထဲမှာ စာချုပ်တွေ တရားဥပဒေတွေကအရေးကြီးသလို ဒီဥပဒေတွေကို အကောင်အထည်ဖော်ပေးတဲ့ တရားစီရင်ရေးကဏ္ဍလွတ်လပ်ခွင့်ကလည်း အရေးပါပါတယ်။ တရားဥပဒေစိုးမိုးမှုကို မြတ်နိုးတဲ့ သို့မဟုတ် တရားဥပဒေကြောင်းအရ စာဒကတက်လေ့ရှိတဲ့ လူ့အဖွဲ့အစည်းတရပ် အားကောင်းလာရင်တော့ လွတ်လပ်တဲ့တရားစီရင်ရေးအတွက် အခြေအနေကောင်းတရပ် ပေါ်လာပြီလို့ ယူဆရပါတယ်။ တရားဥပဒေကြောင်းအရ အရေးဆိုမှု စာဒကတက်မှုဟာ ဒီမိုကရေစီစနစ်အတွက်လည်း အုတ်မြစ်အခြေခံကောင်းတရပ် ဖြစ်ပါတယ်။

●●●